# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

January 10, 2022 Volume 50, Number 5


**၁၀.၁.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၉၂ US$ |
| မြန်မာ့ရွှေဈေး | = ၁၈၃၃၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၉၅၀ ကျပ် (Offer Price) |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၁၅.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၁၂.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၁၇.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၇၉.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၈.၉၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၉၈၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၈.၅၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၃.၁၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၂.၈၅၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ဂျပန်နိုင်ငံ စီးပွားရေးလုပ်ငန်း ၇၀ ရာခိုင်နှုန်းက မြန်မာနိုင်ငံတွင် လုပ်ငန်းတိုးချဲ့ လုပ်ကိုင်နေ




သတင်း - BETV Business

မြန်မာနိုင်ငံရှိ ဂျပန်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၇၀ ရာခိုင်နှုန်းခန့်က ကိုဗစ်-၁၉ ကပ်ရောဂါဝယက်နဲ့ အာဏာလွှဲပြောင်းမှုဖြစ်စဉ်တို့ကြောင့် ၎င်းတို့ရဲ့စီးပွားရေးကို ပြင်းထန်စွာ ရိုက်ခက်မှုရှိခဲ့ပေမယ့် နိုင်ငံအတွင်း (၁)နှစ် ဒါမှမဟုတ် (၂)နှစ် ဆက်လက်လုပ်ကိုင်ခြင်း၊ လုပ်ငန်းတိုးချဲ့ခြင်းတွေ ပြုလုပ်သွားမယ်လို့ ဂျပန်ပြည်ပကုန်သွယ်ရေးအဖွဲ့(JETRO)ရဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

JETRO ရဲ့ အစီရင်ခံစာအရ မြန်မာနိုင်ငံမှာရှိတဲ့ ဂျပန်စီးပွားရေး(ကုမ္ပဏီ) ၅၂ ရာခိုင်နှုန်းက သူတို့ရဲ့လက်ရှိလုပ်ငန်း ဆောင်ရွက်မှုတွေကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားမှာဖြစ်ပြီး ၁၃.၅ ရာခိုင်နှုန်းကတော့ ၎င်းတို့လုပ်ငန်းတွေကို တိုးချဲ့မှာဖြစ်တယ်လို့ အစီရင်ခံစာကဆိုပါတယ်။ ဒါ့အပြင် ၂၇.၅ ရာခိုင်နှုန်းက နိုင်ငံအတွင်း ၎င်းတို့လုပ်ငန်းကို အတိုင်းအတာတစ်ခုအထိ ချဲ့ထွင်မှာဖြစ်ပြီး ၆.၇ ရာခိုင်နှုန်းကတော့ နိုင်ငံအတွင်းက ထွက်ခွာခြင်း ဒါမှမဟုတ် အခြားနိုင်ငံကို လုပ်ငန်းရွှေ့ပြောင်းမှာဖြစ်တယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံမှာ စီးပွားရေးအခြေအနေတွေ ဆက်လက်ဆိုးရွားနေပါက ဂျပန်ရင်းနှီးမြှုပ်နှံသူတွေရဲ့ လုပ်ငန်းလည်ပတ်မှုကိုလျှော့ချခြင်း၊ ရုပ်သိမ်းခြင်းတွေမှတစ်ပါး ရွေးချယ်စရာမရှိတာကြောင့် ဒီဇင်ဘာ ၉ ရက်နေ့က ထုတ်ပြန်ခဲ့တဲ့အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ JETRO က ကောက်ယူခဲ့တဲ့ စစ်တမ်းကို ဖြေဆိုသူ ၆၃.၃ ရာခိုင်နှုန်းက ၂၀၂၁ ခုနှစ်ရဲ့ လုပ်ငန်းလည်ပတ်မှုမှ ရရှိတဲ့အမြတ်အစွန်းက ယခင်နှစ်ထက် ကျဆင်းမယ်လို့ မျှော်လင့်ထားကြပြီး အချို့ကမတည်ငြိမ်တဲ့ နိုင်ငံရေးအခြေအနေနဲ့ တိုင်းပြည် အနာဂတ်အတွက် မသေချာမရေရာမှုတွေကြောင့် ယိုယွင်းလာတဲ့ စီးပွားရေးဝန်းကျင်ကို ထောက်ပြကြပါတယ်။

MIFER ဝန်ကြီး ဦးအောင်နိုင်ဦးက ကျိုဒိုသတင်းဌာနရဲ့ အင်တာဗျူးတစ်ခုမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေနဲ့ ဂျပန်နိုင်ငံရဲ့ တရားဝင်ဖွံ့ဖြိုးမှု အကူအညီ(ODA)နဲ့ ပြည်တွင်းမှာ ဖော်ဆောင်ဖို့ရှိနေတဲ့ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းတွေကို ပြန်လည်စတင်နိုင်ဖို့ ကြိုးပမ်းနေတယ်လို့ ပြောကြားထားပါတယ်။ “ကျွန်တော့်ရဲ့ မက်ဆေ့ချ်ကတော့ ဂျပန်စီးပွားရေး အသိုင်းအဝိုင်းအနေနဲ့ သူတို့ရဲ့လုပ်ငန်းတွေကို ပြန်လည်စတင်ဖို့နဲ့ဖြစ်နိုင်ရင် သူတို့ရဲ့ လုပ်ငန်းကိုချဲ့ထွင်နိုင်ရန် မြန်မာနိုင်ငံထံပြန်လာ

ကြဖို့ တိုက်တွန်းချင်ပါတယ်'' လို့ အင်တာဗျူးအတွင်း ထည့်သွင်းတောင်းဆိုခဲ့ပါတယ်။

**Source:** BETV Business

## လက်ရှိဘဏ္ဍာနှစ် ဒီဇင်ဘာလကုန်အထိ မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၆၂၅ သန်းကျော်ရှိပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ ၃၇၁ သန်းကျော် ပိုမိုရရှိ

လက်ရှိဘဏ္ဍာနှစ် ဒီဇင်ဘာ ၃၁ ရက် အထိ ကာလအတွင်း မြန်မာ-ထိုင်းနယ်စပ် မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၆၂၅ သန်းကျော်ရရှိပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ ၃၇၁ သန်းကျော် ပိုမိုရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် အောက်တို ဘာမှ ဒီဇင်ဘာ ၃၁ ရက်အထိ မြဝတီနယ်စပ်မှ ပို့ကုန်ဒေါ်လာ ၂၃၆ ဒသမ ၁၅၂ သန်း၊ သွင်းကုန်ဒေါ်လာ ၃၈၉ ဒသမ ၁၉၆ သန်းဖြင့် ကုန်သွယ်မှုဒေါ်လာ ၆၂၅ ဒသမ ၃၄၈ သန်း ရရှိသည်။ ယခင်နှစ်ကာလတူက ပို့ကုန်ဒေါ်လာ ၅၇ ဒသမ ၅၁၅ သန်း၊ သွင်းကုန်ဒေါ်လာ ၁၉၆ ဒသမ ၆၇၀ သန်းဖြင့် ကုန်သွယ်မှုဒေါ်လာ ၂၅၄ ဒသမ ၁၈၅ သန်းရရှိခဲ့သည်။ အဆိုပါကာလတူနှစ်ခုကို နှိုင်းယှဉ်ပါက လက်ရှိဘဏ္ဍာနှစ် ဒီဇင်ဘာ ၃၁ ရက်အထိမှာ ယခင်နှစ်ကာလတူထက် ဒေါ်လာ ၃၇၁ ဒသမ ၁၆၃ သန်း ပိုမိုရရှိခဲ့သည်။ ကိုဗစ်-၁၉ ကြောင့်၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း မြန်မာ-ထိုင်းနှစ်နိုင်ငံကုန်သွယ်မှုဒေါ် လာ သန်း ၅၁၀၀ ကျော်သာရှိပြီး၊ ယခင်နှစ်ထက် ကုန်သွယ်မှုပမာဏ ဒေါ် လာသန်း ၃၅၀ ကျော်လျော့ကျခဲ့သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တို ဘာ ၁ ရက်မှ စက်တင်ဘာလကုန်အထိ မြန် မာဘက်မှ ပို့ကုန်တင်ပို့မှုတန်ဖိုး ဒေါ်လာ ၃၀၉၅ ဒသမ ၉၈၈ သန်းရှိသည်။ ထိုင်းဘက်မှ သွင်းကုန်တန်ဖိုး ဒေါ်လာ ၂၀၂၁ ဒသမ ၉၂၅ သန်းဖြင့် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၅၁၁၇ ဒသမ ၉၁၃ သန်း ရရှိထားသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အောက်တို ဘာ ၁ ရက်မှ စက်တင်ဘာလကုန်အထိ မြန်မာ-ထိုင်း နှစ်နိုင်ငံကုန်သွယ်မှု ဒေါ်လာ ၅၄၆၅ ဒသမ ၁၇၃ သန်းရှိပြီး မြန်မာဘက်မှ ပို့ကုန်တန်ဖိုး ဒေါ်လာ ၃၂၇၇ ဒသမ ၅၇၅ သန်း တင်ပို့ထားပြီး ထိုင်းဘက်မှသွင်းကုန်တန်ဖိုး ဒေါ်လာ ၂၁၈၇ ဒသမ ၅၉၈ သန်း တင်သွင်းထားသည်။ ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာလကုန်အထိ မြန်မာ-ထိုင်းနှစ်နိုင်ငံကုန်သွယ်မှုဒေါ်လာ ၂၉၅၈ ဒသမ ၀၃၉ သန်းရှိပြီး မြန်မာဘက်မှ ပို့ကုန်တန်ဖိုး ဒေါ်လာ ၁၅၅၉ ဒသမ ၄၅၄ သန်း တင်ပို့ထားပြီး ထိုင်း ဘက်မှသွင်းကုန်တန်ဖိုး ဒေါ်လာ ၁၃၉၈ ဒသမ ၅၈၅ သန်း တင်သွင်းထားသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြန်မာ-ထိုင်း နှစ်နိုင်ငံကုန်သွယ်မှုဒေါ်လာ ၅၀၇၄ ဒသမ ၇၀၇ သန်းရှိပြီး မြန်မာဘက်မှ ပို့ကုန်တန်ဖိုး ဒေါ်လာ ၂၈၄၆ ဒသမ ၀၆၆ သန်း တင်ပို့ထားပြီး ထိုင်းဘက်မှသွင်းကုန် တန် ဖိုးဒေါ်လာ ၂၂၂၈ ဒသမ ၆၄၁ သန်းတင်သွင်းထားသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြန်မာ-ထိုင်းနှစ်နိုင်ငံကုန်သွယ်မှုဒေါ်လာ ၄၂၈၈ ဒသမ ၁၇၂ သန်းရှိပြီး မြန်မာဘက်မှ ပို့ကုန်တန်ဖိုးဒေါ်လာ ၂၂၁၂ ဒသမ ၂၃၄ သန်း တင်ပို့ထားပြီး ထိုင်းဘက်မှသွင်းကုန်တန်ဖိုး ဒေါ်လာ ၂၀၈၅ ဒသမ ၉၃၈ သန်းတင်သွင်းထားသည်။

အမျိုးသားပို့ကုန်မဟာဗျူဟာ NES ၂၀၂၀-၂၀၂၅ မူဘောင်သည် မြန်မာနိုင်ငံ၏ မိုက်ခရို၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၊ ပြည်တွင်းနှင့်ကမ္ဘာ့စီးပွားရေးဈေးကွက်တွင် လက်ရှိတင်ပို့ရောင်းချနေသူများအတွက် အခွင့်အလမ်းသစ်များ ဖန်တီးမည်ဖြစ်ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/223539

## တီးတိန်မြို့နယ်တွင် တစ်ကောင်လျှင် တင်း ၄၀ ထွက်ရှိသည့် ဂျုံ(မျိုးသစ်) ၇၁ ဧက စိုက်ပျိုးထား

ချင်းပြည်နယ် တီးတိန်မြို့နယ်တွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ချင်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်းကာ တစ်ကေလျှင် တင်း ၄၀ ထွက်ရှိသည့် ဂျုံ (မျိုးသစ်) ၇၁ ဧက စိုက်ပျိုးထားကြောင်း ချင်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

ယခု ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ချင်းပြည်နယ် တီးတိန်မြို့နယ် ဒေါ်လွန်အုပ်စု ဖိုနွမ်းဇန် ကျေးရွာ၌ တစ်ကေလျှင် တင်း ၄၀ ထွက်ရှိသည့် ရေဆင်း-၉၊ ရေဆင်း-၁၀ ဂျုံ (မျိုးသစ်) စိုက်ကေ ၇၁ ကေကို တောင်သူ ၁၁ ဦးဖြင့် စိုက်ပျိုးထားခြင်းဖြစ်သည်။ ''တီးတိန်မြို့နယ်မှာ တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဂျုံ(မျိုးသစ်) ၇၁ ကေ စိုက်ပျိုးထား ပါတယ်။ နောက်နှစ်ကျရင် အခုစိုက်ထားတဲ့ ဂျုံခင်းတွေက ထွက်လာတဲ့မျိုးတွေကို ဆင့်ပွားလုပ်ပြီးတော့ ပြန်လည် စိုက်ပျိုး သွားမှာဖြစ်ပါတယ်။ ဂျုံ(မျိုးသစ်) ၇၁ ကေ အောင်မြင်စေရေးအတွက် ယူရီးယားဓာတ်မြေဩဇာ ၇၁ အိတ်ကိုလည်း တစ်ကေ တစ်အိတ်နှုန်းနဲ့ တောင်သူများလက်ဝယ်အရောက် ဖြန့်ဖြူးပေးခဲ့ပြီးဖြစ်ပါတယ်''ဟု ချင်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မျိုးဦးကပြောသည်။

တီးတိန်မြို့နယ် ဒေါ်လွန်အုပ်စု ဖိုနွမ်း ဇန်ကျေးရွာတွင် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်မှ ၁၈ ရက်အတွင်း ရေဆင်း-၉ ဂျုံ (မျိုးသစ်) ကေ ၃၀ ကို လည်းကောင်း၊ ဒီဇင်ဘာ ၂၀ ရက်မှ ၂၃ ရက်အတွင်း ရေဆင်း-၁၀ ဂျုံ (မျိုးသစ်) ကေ ၂၀ နှင့် ရေဆင်း -၁၀ ဂျုံ (မျိုးသစ်) ၂၁ ကေကိုလည်းကောင်း စုစုပေါင်း ဂျုံ(မျိုးသစ်) ၇၁ ကေ စိုက်ပျိုးပြီးစီးခဲ့ပြီး ဂျုံစိုက်ကေများ အောင်မြင်စေရေးအတွက် ယူရီးယားဓာတ်မြေဩဇာ ၇၁ အိတ်ကိုလည်း တစ်ကေလျှင် တစ်အိတ်နှုန်း တောင်သူများထံ ဖြန့်ဖြူးပေးသည်။ ချင်းပြည်နယ်တွင် ဂျုံသီးနှံကို အများအပြားစိုက်ပျိုးလေ့မရှိသော်လည်း ဂျုံသီးနှံသည် ချင်းပြည်နယ်၏ ရာသီဥတုနှင့်ကိုက်ညီမှုရှိကာ ပြည်တွင်းဈေးကွက်လိုအပ်ချက် မြင့်မားသဖြင့် အလားအလာကောင်းသော အမယ်သီးနှံတစ်မျိုး ဖြစ်ပြီး ဂျုံသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရေးအတွက် စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ချင်းပြည်နယ် စိုက်ပျိုးရေး ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/20637

## ပခုက္ကူကြက်သွန်ဈေးကွက်အတွင်း မိုးကြက်သွန်သစ်ဝင်ရောက်မှု လျော့ကျလာပြီး ဝယ်လက်စုံသည့်အတွက် ဈေးပြန်တက်



https://news-eleven.com/article/223541

ပခုက္ကူကြက်သွန်ဈေးကွက်အတွင်း ယခုဇန်နဝါရီလ ဒုတိယပတ်အတွင်း မိုး ကြက်သွန်သစ် ဝင်ရောက်မှုလျော့ကျလာပြီး ဝယ်လက်စုံသည့်အတွက် ဈေးပြန် တက်နေရာ တစ်ပိဿာ ကျပ် ၁၅၀ ခန့် မြင့်တက်လာကြောင်း ကုန်သည်များထံမှ သိရသည်။

ပြီးခဲ့သည့် ၂၀၂၁ နှစ်ကုန်ပိုင်းနှင့် ယခုနှစ် ဇန်ဝါရီလဆန်းပိုင်းတွင် နေ့စဉ် ပိဿာချိန် တစ်သိန်းခွဲမှနှစ်သိန်းခန့်ထိ ဝင်ရောက်ခဲ့ရာ ဝယ်လက်နည်းပါးသည့် အတွက် မိုးကြက်သွန်တစ်ပိဿာ ကျပ် ၅၀၀ ဝန်းကျင်သာ ပေါက်ဈေးရှိခဲ့ကြောင်း သိရသည်။ ယခုဇန်နဝါရီလ ဒုတိယပတ်အတွင်း ဝယ်လက်စုံလာသည့်အတွက် ဈေးနှုန်းပြန်လည်မြင့်တက်လာရာ ဇန်နဝါရီလ ၈ ရက်တွင် ဂွန်ကြီးတစ်ပိဿာ ၆၂၅-၆၅၀ ကျပ်၊ ဂွန်လတ်တစ်ပိဿာ ၅၇၅-၆၀၀ ကျပ်နှင့် ဂွန်သေးတစ်ပိဿာ ၅၂၅-၅၅၀ကျပ် ပေါက်ဈေးရှိကြောင်းသိရသည်။ “အရင်ရက် တွေထက်စာရင် ကုန်ဝင်နည်းသွားတယ်။ အရင်ရက်က တစ်ရက်ကို တစ်သိန်း ကျော်လောက် ဝင်တာကနေ ဒီနေ့ဆိုရင် ပိဿာချိန် တစ်သိန်းလောက်ပဲဝင်တယ်။ ပုံမှန်နှစ်တွေဆိုရင် ခုလိုအချိန်တွေက ကုန်ဝင် များတယ်။ ဒီနှစ်က အထွက်နှုန်းလျော့တော့ ကုန်ဝင်လည်းပါးသွားတယ်။ လက်ရှိဈေးတန်းကတော့ တက်လာတယ်။ ဝယ်တာ ကလည်း နယ်စုံဝယ်နေကြတာ”ဟု ကြက်သွန် ရောင်းဝယ်ရေးလုပ်ကိုင်သူ ကိုစိန်လွင်ကပြောကြားသည်။

ယခုနှစ် စိုက်ပျိုးချိန်တွင် မိုးရွာသွန်းမှုများပြားသည့်အတွက် အထွက်နှုန်းလျော့ကျခြင်း ၊ သွင်းအားစုဈေးနှုန်းများ မြင့်တက် သည့်အတွက် ကုန်ကျစရိတ်များပြားပြီး ကြက်သွန်တစ်ပိဿာ ထုတ်လုပ်မှုစရိတ် ကျပ် ၅၀၀ ခန့်ရှိကြောင်း တောင်သူများထံမှ သိရသည်။ “ကြက်သွန်ဈေးက ရာသီအစကတော့ ကောင်းမလိုဘဲ။ တစ်ပိဿာ ၇၀၀ ကျော် လောက်ထိ ရောင်းရတယ်။ အဲဒီနောက်ဈေးက တက်မလာတော့ဘဲ တစ်ပိဿာ ၅၀၀ လောက်မှာကြာနေတယ်။ တောင်သူက အတော်များများ ရောင်းပြီးကြ ပါပြီ။ ဒီနှစ်က အရင်းရရင် ကံကောင်းတဲ့နှစ်လို့ ပြောရမယ် ”ဟု တောင်သူ ကိုဖိုးနီကပြောကြားသည်။

၂၀၂၁ ခုနှစ် ယောချောင်းဒေသထွက် ကြက်သွန်များ ရောင်းဝယ်ချိန်တွင်လည်း ကိုဗစ်ရောဂါဖြစ်ပွားမှုနှင့် နယ်စပ်ရောင်းဝယ်မှုလျော့ကျခဲ့သည့်အတွက် ဝယ်လက်နည်းပါးခဲ့ပြီး ဈေးနှုန်းကျဆင်းခဲ့ရာ ကြက်သွန်တစ်ပိဿာ ကျပ်၂၀၀ ခန့်ဖြင့် ရောင်းချမှုများရှိခဲ့ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/223541

## ငွေနှင်းမှိုစိုက်ပျိုးမှု များပြားလာပြီး၊ မှိုဈေးနှုန်း အနည်းငယ်အေးနေ


https://greenwaymyanmar.com/posts/ngwe_hnin_mushroom_market

နေပြည်တော်အနီးတစ်ဝိုက်ဒေသများတွင် ငွေနှင်းမှိုစိုက်ပျိုးမှု များပြားလာပြီး၊ မှိုဈေး အနည်းငယ်အေးနေကြောင်း စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်သူများထံမှသိရသည်။ "ငွေနှင်းမှိုဈေးက နည်းနည်းအေးနေတယ်။ အရင်ဆို ဒိုင်သွင်းဈေး (တောင်သူများမှ မှိုဒိုင်သို့ သွင်းသည့်ဈေး) က တစ်ပိဿာကို ၂၅၀၀ ကျပ်၊ ဒိုင်ရောင်းဈေး (မှိုဒိုင်မှ ဈေးကွက်သို့ လက်ကားပြန်ရောင်းသည့်ဈေး) က တစ်ပိဿာကို ၃၅၀၀ ကျပ် ရှိခဲ့တယ်။ အခုကျတော့ ဒိုင်သွင်းဈေးက တစ်ပိဿာကို ၂၃၀၀ ကျပ်၊ ဒိုင်ရောင်းဈေးက တစ်ပိဿာကို ၃၀၀၀ ကျပ်ပဲ ဈေးရှိတော့ပါတယ်။ အခုနောက်ပိုင်းနေပြည်တော်အနီးတဝိုက်မှာ ငွေနှင်းမှိုစိုက်ပျိုးမှု အရင်ကထက်ပိုများလာတဲ့အတွက်ကြောင့်လို့ မြင်ပါတယ်"ဟု နေပြည်တော်၊ ပျဉ်းမနားမြို့မှ ငွေနှင်းမှို စီးပွားဖြစ်စိုက်ပျိုးရောင်းချသူ ကိုညွန့်ဝင်းကပြောသည်။

နေပြည်တော်၊ ပျဉ်းမနားမြို့ရှိ ငွေနှင်းမှို မျိုးထုပ်ဈေးကွက်အတွင်း ၇/၁၂ လက်မအရွယ် ငွေနှင်းမှိုမျိုးထုပ်တစ်ထုပ်လျှင် ၆၀၀ ကျပ်၊ ၇/၁၃ လက်မအရွယ် ငွေနှင်းမှိုမျိုးထုပ်တစ်ထုပ်လျှင် ၆၅၀ ကျပ် ဈေးနှုန်းများဖြင့် လက်ကားရောင်းချနေကြောင်း သိရသည်။ "လတ်တလောမှာ အလုပ်အကိုင် မရှိသေးသူတွေကလည်း မှိုစိုက်ပျိုးရေးကို စိတ်ဝင်စားလာတယ်။ မှိုစိုက်တာက အရင်းအနှီးနည်းတယ်။ ဒါ့အပြင် ငွေနှင်းမှိုကို ကောက်ရိုးမှိုစိုက်ပျိုးတာထက် ပိုပြီးစိတ်ဝင်စားကြတာက ကောက်ရိုးမှိုစိုက်တာက အပူချိန်နဲ့ စိုထိုင်းဆတွေ လိုအပ်သလိုထိန်းပေးနိုင်မှလေ၊ စိုထိုင်းဆ အဆင်ပြေရင်တောင် ခုလိုအေးတဲ့ရာသီမှာ အပူချိန်တက်အောင် လုပ်ဖို့ကခက်တယ်၊ စိုက်ပျိုးဖို့အတွက် နည်းစနစ်သေချာသိဖို့လည်း လိုအပ်တယ်၊ ဒါကြောင့် ငွေနှင်းမှိုကိုပဲ အများစုက စိုက်လာကြတာပါ။ ငွေနှင်းမှိုကျတော့ အထုပ်လေးတွေဆိုတော့ အိမ်ရှင်မတွေကအစ တစ်နိုင်တစ်ပိုင် စိုက်ပျိုးလာကြတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။ ငွေနှင်းမှိုသည် စိုက်ပျိုးနည်းစနစ်အားဖြင့် လွယ်ကူရိုးရှင်းပြီး၊ လေထုနှင့်တိုက်ရိုက် မထိတွေ့စေ ရန်နှင့် မှိုထုပ်အဟောင်းနှင့်အသစ် ရောထွေးမစိုက်ပျိုးရန် စသည့်အချက်တစ်ချို့ကိုသာ သတိပြုစိုက်ပျိုးရကြောင်းသိရသည်။

**Source:** https://greenwaymyanmar.com/posts/ngwe_hnin_mushroom_market

## မိုးကြက်သွန်အထွက်နှုန်းကောင်းမွန်သဖြင့် တောင်သူများအဆင်ပြေနေ


https://greenwaymyanmar.com/posts/onion_yield_is_high

ယခုနှစ်အတွင်း မိုးကြက်သွန် စိုက်ပျိုးသူအများစုမှာ အထွက်နှုန်းကောင်းမွန်သဖြင့် စိုက်ပျိုးရကျိုးနပ်နေကြောင်း စစ်ကိုင်းတိုင်းဒေသကြီးရှိ ကြက်သွန်စိုက်ပျိုးသူများထံမှ သိရသည်။ "မိုးကြက်သွန်တွေက တူးတဲ့လူတွေတူးကုန်ကြပြီ။ ဒီနေ့စတူးတဲ့သူလည်းရှိတယ်၊ မနေ့ကမှ စတူးတဲ့သူလည်းရှိတယ်။ ဇန်နဝါရီလကုန်လောက်မှ ပေါ်မယ့်သူတွေလည်း ရှိတာပေါ့နော်။ အခုပေါ်နေတဲ့ ကြက်သွန်တွေက စက်တင်ဘာလလယ်လောက်က စိုက်ထားတဲ့အခင်းတွေပါ။ အခုလောလောဆယ်အရပြောရရင် မိုးကြက်သွန်ဈေးက မဆိုးပါဘူး။ စိုက်ရကျိုးနပ်ပါတယ်။ ဈေးနှုန်းတွေက ဖြည်းဖြည်းချင်း တက်နေပါတယ်။ ဒီနှစ်မှာရာသီဥတုလည်း မဖောက်ပြန်တဲ့အတွက် ဆေးလည်းသိပ်မသုံးခဲ့ရဘူး။ အထွက်နှုန်းလည်း သိပ်မဆိုးဘူးပြောရမယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်၊ တည်တောရွာမှ သီးနှံစုံစိုက်ပျိုးသူ ကိုလွှမ်းမိုးအောင်က ပြောသည်။

လက်ရှိဈေးကွက်အတွင်း အရည်အသွေးကောင်း ပခုက္ကူကြက်သွန်တစ်ပိဿာလျှင် ၅၅၀ ကျပ်မှ ၆၀၀ ကျပ်၊ ရွှေဘိုကြက်သွန် တစ်ပိဿာလျှင် ၆၅၀ ကျပ်မှ ၇၀၀ ကျပ်၊ မြစ်သားကြက်သွန် တစ်ပိဿာလျှင် ၉၀၀ ကျပ်မှ ၉၅၀ ကျပ် ဈေးနှုန်းများ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။ "ပုံမှန်ကတော့ ကြက်သွန်နီက စိုက်ပျိုးပြီး ၃ လခွဲအကြာမှာ တူးဖော်ရောင်းချကြပါတယ်။ ကြက်သွန်ဈေးတွေက အရည်အသွေးနဲ့ အလုံးလှမလှအပေါ်လည်း မူတည်တယ်။ ရွှေဘိုနယ်က ကြက်သွန်ထက် မြစ်သား ကြက်သွန်က ပိုဈေးကောင်းရတယ်။ မြစ်သားကြက်သွန်က ဥလုံးလေးတွေ ပိုလှတယ်။ ကျွန်တော်တို့ ရွှေဘိုကြက်သွန်ကျတော့ မြစ်သားကြက်သွန်လောက်လည်း အသားမနုဘူး၊ ပခုက္ကူကြက်သွန်လောက်လည်း အသားမကြမ်းဘူး။ အလယ်အလတ်ပါပဲ"ဟု ၎င်းက ဆက်လက်ပြောသည်။

ကြက်သွန်နီကို မြန်မာနိုင်ငံအလယ်ပိုင်း (ဆိပ်ဖြူ၊ ပခုက္ကူ၊ မြင်းခြံ၊ မြစ်သား၊ ကျောက်ဆည်၊ ရွှေဘို) စသည့်ဒေသများတွင် အဓိက စိုက်ပျိုးကြပြီး၊ သွင်းအားစုစရိတ် အတက်အကျနှင့် ရာသီဥတုအခြေအနေတို့အပေါ်မူတည်၍ တစ်ဧကစိုက်ပျိုးစရိတ် စုစုပေါင်း ကျပ်(၆)သိန်းမှ ကျပ်(၈)သိန်းဝန်းကျင် ကုန်ကျနိုင်ကြောင်း သိရှိရသည်။

**Source:** https://greenwaymyanmar.com/posts/onion_yield_is_high

## နယ်စပ်တွင် အကောက်ခွန်ရှင်းလင်းရေးကို ပြန်လည်လုပ်ဆောင်ရန် ဗီယက်နမ်နိုင်ငံက တရုတ်နိုင်ငံကိုတိုက်တွန်း



https://mizzimaburmese.com/article/96039

တရုတ်နယ်စပ် ကွမ်ရှီးမြို့တွင် ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်မှုများကြောင့် ကုန်တင်ကားများ စုပြုံနေကာ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးကို ထိခိုက်နေသဖြင့် အကောက်အခွန်ရှင်းလင်းရေး လုပ်ငန်းစဉ်များကို ပြန်လည်လုပ်ဆောင်ရန် ဗီယက်နမ်က တရုတ်အာဏာပိုင်များကို တိုက်တွန်းလိုက်သည်။

နှစ်နိုင်ငံအရာရှိများသည် ဒီဇင်ဘာ ၂၂ ရက်က တွေ့ဆုံကာ အဆိုပါကိစ္စရပ်ကို အမြန်ဆုံးဖြေရှင်းရေးအတွက် ဆွေးနွေးခဲ့ကြောင်း Vietnam News Agency (VNA) သတင်းဌာနက ဖော်ပြခဲ့သည်။

ကုန်တင်ကားများ စုပြုံနေသည့်ကိစ္စအား ဗီယက်နမ်စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန (MoIT) အောက်ရှိ အာရှ-အာဖရိက ဈေးကွက်ဌာန၊ မြောက်ပိုင်းနယ်စပ်ခရိုင်များဖြစ်သည့် လန်ဆောင်၊ ကွမ်နစ်၊ ကောင်ဘန်းနှင့်ကွမ်ရှီးဒေသ ကူးသန်း ရောင်းဝယ် ရေးဌာန တာဝန်ရှိသူများအကြား အွန်လိုင်းဆွေးနွေးပွဲတွင်လည်း သဘောထားအမြင်ဖလှယ်ခဲ့ကြရာတွင် နယ်စပ်ဂိတ်များ၌ အကောက်ခွန်ရှင်းလင်းရေး လုပ်ငန်းများကို ပြန်လည်စတင်ရန်နှင့် လုပ်ငန်းချိန်ကို တိုးမြှင့်ပေးရန် အကြံပြုခဲ့ကြသည်။

ကွမ်းရှီးတွင် ကိုဗစ်-၁၉ အသွားအလာကန့်သတ်မှုနှင့် ထိန်းချုပ်မှုများဖြစ်သည့် နယ်စပ်ဂိတ်များကို ရပ်ဆိုင်းထားခြင်း၊ သစ်သီးအချို့ကို တင်ပို့ခွင့်ပိတ်ပင်ထားခြင်းအကြောင်း ကုန်ပစ္စည်းတင်ပို့ရောင်းချသည့် လုပ်ငန်းစဉ်များကို ထိခိုက်စေကာ၊ နှစ်နိုင်ငံကုန်သွယ်ရေးကို ထိခိုက်စေပြီး နှစ်နိုင်ငံစလုံးမှ စီးပွားရေးနှင့်ပြည်သူများအတွက် နစ်နာစေကြောင်း MoIT က ဆွေးနွေး တင်ပြခဲ့သည်။

တရုတ်အစိုးရ တာဝန်ရှိသူများက နှစ်နိုင်ငံနယ်စပ်တာဝန်ရှိသူများအကြား ဆွေးနွေးသဘောတူညီချက်များကိုရယူကာ အကောက်ခွန်ရှင်းလင်းရေး လုပ်ငန်းအချိန်ကို တိုးမြှင့်ပေးသွားမည်ဟု ပြန်လည်ပြောကြားခဲ့သည်။ MoIT ဝန်ကြီး ငုယင် ဟောင်ဒန်းသည် ကုန်တင်ကားများ စုံပြုံနေခြင်းနှင့်ပတ်သက်၍ တရုတ်အာဏာပိုင်များနှင့်ဆွေးနွေးရန် ဗီယက်နမ်ကိုယ်စားလှယ် အဖွဲ့နှင့် သွားရောက်တွေ့ဆုံစေခဲ့သည်။ ကိုဗစ်-၁၉ ဆိုင်ရာ တင်းကျပ်သည့်ထိန်းချုပ်မှုများနှင့် နည်းပညာဆိုင်ရာ အခက်အခဲများ ကြောင့် ထောင်နှင့်ချီသည့် ဗီယက်နမ်ကွန်တိန်နာကားများသည် တရုတ်နှင့်နယ်စပ်တွင် ဒီဇင်ဘာလလယ်မှစတင်၍ စုပြုံနေကြ သည်။

**Source:** https://mizzimaburmese.com/article/96039

## ၂၀၂၂ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ ပဲပုတ်စေ့စိုက်ပျိုးထုတ်လုပ်မှုသည် တန်ချိန်သန်း ၁၅၀ ကျော် ထွက်ရှိရန်ခန့်မှန်း



၂၀၂၁-၂၀၂၂ ခုနှစ်ကာလတွင် ဘရာဇီးလ်နိုင်ငံ၏ ပဲပုတ်စေ့စိုက်ပျိုးထုတ်လုပ်မှုသည် တန်ချိန် သန်း ၁၅၀ ကျော်ထွက်ရှိနိုင်ပြီး ပြည်ပသို့တန်ချိန် ၁၁၅ သန်းအထိတင်ပို့နိုင်ရန် ခန့်မှန်းထားကြောင်း လယ်ယာထွက်ကုန်ရောင်းဝယ်ရေးအကြံပေး Vlamir Brandalizze က ပြောကြားခဲ့သည်။ ဘရာဇီးလ်နိုင်ငံသည် ပဲပုတ်စေ့တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၅ ဘီလီယံအထိ ဝင်ငွေရရှိနိုင်ကြောင်း၊ တောင်အမေရိကတိုက်ရှိနိုင်ငံများတွင် သီးနှံရိတ်သိမ်းချိန်ဖြစ်၍ ချီကာဂိုဈေးကွက်တွင် ပဲပုတ်စေ့ ၁ စည်လျင် အမေရိကန်ဒေါ်လာ ပျမ်းမျှ ၁၂ ဒေါ်လာမှ ၁၃ ဒေါ်လာအထိ ဈေးနှုန်းဖြစ်ပေါ်နိုင်ကြောင်း Brandalizze ကပြောကြားခဲ့သည်။

ဝယ်လိုအားအမြင့်ဆုံးအချိန်တွင် ပဲပုတ်စေ့ ၁ အိတ်၏ ဆိပ်ကမ်းရောက်တန်ဖိုး ၁၅၀ ဟဲရာမှ ၁၇၀ ဟဲရာဝန်းကျင်အထိ ရောက်ရှိနိုင်ကြောင်း၊ ဘရာဇီးလ်နိုင်ငံ၏ပဲပုတ်စေ့ရိတ်သိမ်းချိန်သည် ပြောင်းရိတ်သိမ်းချိန်နှင့် တိုက်ဆိုင်နေသဖြင့် စိုက်ပျိုးသူတောင်သူများအား သိုလှောင်ရုံနှင့်သယ်ယူပို့ဆောင်ရေးတွင် အခက်အခဲများဖြစ်ပေါ်စေကြောင်း Brandalizze ကပြောကြားခဲ့သည်။

ပဲပုတ်စေ့ဈေးကွက်အား သုတေသနပြုလုပ်ခဲ့ရာတွင် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် နေ့၏ ပဲပုတ်စေ့ ၁ အိတ်ဈေးနှုန်းသည် Paraná square ဈေးကွက်၌ ၁၄၇.၇၈ ဟဲရာ ဈေးနှုန်းဖြစ်ပေါ်ခဲ့ပြီး ဒီဇင်ဘာလသို့ရောက်ရှိချိန်တွင် ၁၆၇.၉၁ ဟဲရာ ဈေးနှုန်းသို့ မြင့်တက်လာခဲ့ကြောင်း Brandalizze က ပြောကြားခဲ့သည်။

Source: **canalrural.com.br**

**ထွန်းအောင်ဇော် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရာဇီးလ်)**

## RCEP သည် အဖွဲ့ဝင် ၁၀ နိုင်ငံတွင် စတင်အသက်ဝင်လျက်ရှိပြီး အမေရိကန်နိုင်ငံအနေနှင့် ဘေးမှစောင့်ကြည့်

ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက် - RCEP သည် အဖွဲ့ဝင်နိုင်ငံ (၁၅) နိုင်ငံပါဝင်ပြီး ၁-၁-၂၀၂၂ ရက်နေ့တွင် အဖွဲ့ဝင် (၁၀) နိုင်ငံဖြစ်သည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ တရုတ်၊ ဂျပန်၊ လာအို၊ နယူးဇီလန်၊ ထိုင်း၊ စင်ကာပူနှင့်ဗီယက်နမ်နိုင်ငံတို့တွင် စတင်အသက်ဝင်ပြီး အမေရိကန်နိုင်ငံက ဘေးမှသာစောင့်ကြည့်လျက်ရှိကြောင်း၊ အာရှ-ပစိဖိတ်ဒေသအတွင်း အမေရိကန်နိုင်ငံက အကုန်အကျခံကာ ရေးဆွဲထားသည့် ကုန်သွယ်ရေးစည်းမျဉ်းသစ်များသည် တရုတ်နိုင်ငံအတွက် ပိုမိုအကျိုးဖြစ်ထွန်းစေသည်ဟု သုတေသီများကပြောကြားခဲ့ကြောင်း၊ အဆိုပါ သဘောတူစာချုပ်အရ အဖွဲ့ဝင်နိုင်ငံများအနေနှင့် စည်းမျဉ်းအသစ်များနှင့် စံသတ်မှတ်ချက်အသစ်များကို အတူတကွချမှတ်အကောင်အထည် ဖော်နိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း Asia Society Policy Institute မှ ဒုတိယဥက္ကဋ္ဌဖြစ်သူ Ms. Wendy Cutler က ပြောကြားခဲ့ကြောင်း ၁-၁-၂၀၂၂ ရက်နေ့တွင် The Wall Street Journal သတင်းစာ၌ ဖော်ပြထားပါသည်။

တရုတ်နိုင်ငံသည် ယခင်က ပစိဖိတ်သမုဒ္ဒရာဖြတ်ကျော် ဘက်စုံသဘောတူညီချက် - CPTPP တွင် မပါဝင်ခဲ့ကြောင်း၊ ယခင်က အဆိုပါသဘောတူညီချက်ကို အမေရိကန်က ဒေသတွင်း၌ တရုတ်နိုင်ငံ၏ဩဇာလွှမ်းမိုးမှုအား ထောက်လှမ်းဆောင်ရွက်နိုင်ရန် ဦးဆောင်ခဲ့ကြောင်း၊ အမေရိကန်နိုင်ငံသည် ၂၀၁၇ ခုနှစ်၊ သမ္မတထရမ့်အစိုးရလက်ထက်တွင် အဆိုပါ CPTPP သည် အမေရိကန်လုပ်သားများအတွက် ထိခိုက်မှုနစ်နာရှိသည်ဟု သုံးသပ်ယူဆသည့်အတွက် နှုတ်ထွက်ခဲ့ကြောင်း၊ ဥပဒေပြုဌါန်းသူများကလည်း အဆိုပါသဘောတူညီချက်ကို ကန့်ကွက်ကြသည့်အတွက် သမ္မတဘိုင်ဒင်အစိုးရ လက်ထက်တွင်လည်း ပြန်လည်ဝင်ရောက်ရန် အစီအစဉ်မရှိဟု အစိုးရအဖွဲ့ကပြောကြားကြောင်း၊ ယခုအခါ RCEP သည် အမေရိကန်နိုင်ငံအား လှုပ်နှိုးလိုက်နိုင်ပြီဖြစ်ပြီး CPTPP သို့လည်း ပြန်လည်ဝင်ရောက်ရန် ပြန်လည်စဉ်းစားသင့်သည်ဟု Singapore Management University မှ အာရှကုန်သွယ်ရေးကျွမ်းကျင်သူဖြစ်သူ တွဲဖက်ပါမောက္ခ Mr. Henry Gao ကပြောကြားခဲ့ကြောင်း ဖော်ပြထားပါသည်။

RCEP သဘောတူညီချက်အား အဖွဲ့ဝင်နိုင်ငံ ၁၅ နိုင်ငံအနက် ၁၀ နိုင်ငံက လိုက်ပါ အကောင်အထည်ဖော်ရန် အတည်ပြု လက်မှတ်ရေးထိုးခဲ့ကာ အသက်ဝင်ပြီဖြစ်ပြီး ကျန်နိုင်ငံများကလည်း မကြာမီကာလအတွင်း အတည်ပြုကြမည်ဖြစ်ကြောင်း၊ RCEP အဖွဲ့ဝင်နိုင်ငံများက ကမ္ဘာ့လူဦးရေနှင့် ဂျီဒီပီ၏ ၃၀ ရာခိုင်နှုန်းရှိပြီး အမေရိကန်-မက္ကဆီကို-ကနေဒါ သုံးနိုင်ငံသဘော တူညီချက်နှင့် ဥရောပအကောက်ခွန်ယူနီယံတို့ထက်ကျော်လွန်ကာ ကမ္ဘာ့အကြီးဆုံး ဒေသတွင်းကုန်သွယ်ရေး သဘောတူညီချက် ဖြစ်ကြောင်း၊ အဆိုပါ RCEP သဘောတူညီချက်သည် အဖွဲ့ဝင်နိုင်ငံများအကြား နှစ်(၂၀) အတွင်း အကောက်ခွန်အားလုံး ကင်းလွတ်ရန်ရည်ရွယ်ပြီး အသိဉာဏပစ္စည်းမူပိုင်ခွင့်နှင့် အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေးတို့အတွက် ဘုံစံသတ်မှတ် ချက်များ ချမှတ်သွားမည်ဖြစ်ကြောင်း၊ အဆိုပါသဘောတူညီချက်အရ အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုပြုရာတွင် အကောက်ခွန်များကို ၉၀ ရာခိုင်နှုန်းကျော် တဖြည်းဖြည်းဖယ်ရှားသွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံက ၎င်း၏စက်ပစ္စည်း အစိတ် အပိုင်းနှင့် အပိုပစ္စည်းများကို အရှေ့တောင်အာရှနိုင်ငံများရှိ စက်ရုံများသို့ ထောက်ပံ့ပို့ဆောင်ခြင်းဖြင့် အကျိုးများစွာရရှိကြောင်း နှင့် ဂျပန်နိုင်ငံနှင့်လည်း ကုန်သွယ်မှုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

အမေရိကန်၊ အထက်လွှတ်တော်ဘဏ္ဍာရေးကော်မတီမှ Mr. Mike Crapo ဦးဆောင်သည့် ရီပတ်ဘလီကန် အထက် လွှတ်တော်အမတ် ၁၃ ဦးက အာရှ - ပစိဖိတ်ဒေသတွင် ကုန်သွယ်ရေးစည်းမျဉ်းသစ်များရေးဆွဲရာတွင် အမေရိကန်မှပါဝင်ရန် သမ္မတဘိုင်ဒင်သို့ ၈-၁၁-၂၀၂၂ ရက်နေ့တွင် တိုက်တွန်းစာပေးပို့ခဲ့ကြောင်း၊ အဆိုပါ ကုန်သွယ်ရေးမူဝါဒသစ်များရေးဆွဲရာတွင် အမေရိကန်ပျက်ကွက်နေခြင်းသည် ကုန်သွယ်ဖက်နိုင်ငံများအား အမေရိကန်မပါပဲ ရှေ့ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက် ကြရန် တွန်းအားပေးနေပြီး တရုတ်နိုင်ငံအား ကမ္ဘာ့ကုန်သွယ်ရေးကို ဦးဆောင်မှုပြုရန် အခွင့်အရေးပေးရာရောက်ကြောင်း၊ RCEP အား စတင်အကောင်အထည်ဖော်လျက်ရှိရာ အမေရိကန်နိုင်ငံ ပါဝင်အကောင်အထည်ဖော်ရန် ပျက်ကွက်လျက်ရှိပြီး အာရှ-ပစိဖိတ်ဒေသတွင် ကုန်သွယ်ရေးစည်းမျဉ်းများရေးဆွဲရာတွင် တရုတ်နိုင်ငံအား ကြီးမားသည့်အခန်းကဏ္ဍက ပါဝင်လျက် ရှိကြောင်း၊ မကြာမီလများက တရုတ်နိုင်ငံသည် CPTPP သို့ဝင်ရောက်ခဲ့ပြီး ချီလီ၊ နယူးဇီလန်နှင့်စင်ကာပူတို့အကြား ချုပ်ဆို ထားသည့် ဒစ်ဂျစ်တယ်စီးပွားရေး သဘောတူညီချက်အသစ်သည်လည်း အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေး (e-commerce) နှင့် ဖန်တီးပြုလုပ်ထားသည့် အသိဉာဏ် (artificial intelligence) စသည့်နယ်ပယ်များအတွက် ဘုံစံ သတ်မှတ် ချက်များ တည်ထောင်သွားရန် ရည်ရွယ်ကြောင်း ဖော်ပြထားပါသည်။

တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံများနှင့် ချိတ်ဆက်သည့် ပထမဆုံး လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက် RCEP သည် အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေးတိုးမြှင့်ဆောင်ရွက်ရန်မျှော်လင့်ကြောင်း၊ RCEP သည် ကမ္ဘာ့ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၀၉ ဘီလီယံတိုးမြှင့်နိုင်ပြီး ၂၀၃၀ ခုနှစ်တွင် ကမ္ဘာ့ကုန်သွယ်ရေး အမေရိကန်ဒေါ်လာ ၅၀၀ ဘီလီယံ ထပ်မံ တိုးမြှင့်နိုင်ရန် ရည်ရွယ်သည်ဟု Brookings Institution က ခန့်မှန်းကြောင်း ဖော်ပြထားပါသည်။

**Source: ခင်မြမြထွေး (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဝါရှင်တန်)**

## တရုတ်နိုင်ငံကွမ်ရှီးတွင် ကုန်စည်အလေးလံဆုံးတင်ဆောင်ထားသည့်သင်္ဘောများ ဖြတ်သန်းသွားလာနိုင်သည့် ရေကြောင်းလမ်းကို စမ်းသပ်ပြေးဆွဲ




ရှင်းကျန်း ကုန်သေတ္တာတင်သင်္ဘောလိုင်း၏ ကွေ့ဂမ်နှင့် ဝူကျိုးကြား သင်္ဘောလမ်းပိုင်းကို တွေ့မြင်ရပုံ
(ဓါတ်ပုံရင်းမြစ် - Nanguo Morning)

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၂၈)ရက်နေ့တွင် ရှင်းကျန်း ကုန်သေတ္တာတင် သင်္ဘောလိုင်း၏ ကွေ့ဂမ်နှင့်ဝူကျိုးကြား ရေကြောင်းလမ်းပိုင်းပေါ်တွင် မက်ထရစ်တန်ချိန် (၃)ထောင်တင်ဆောင်ထားသည့်သင်္ဘောများပြေးဆွဲမည့် ပထမအဆင့်ကို စမ်းသပ်ခဲ့ကာ၊ ကွမ်ရှီး၏ ကုန်းတွင်းပိုင်းမြစ်များအားလုံးအနက် ကုန်စည် အလေးလံဆုံးတင်ဆောင်ထားသည့် သင်္ဘောပြေးဆွဲသည့် လမ်းကြောင်းဖြစ်လာမည်ဖြစ်ကြောင်း သိရပါသည်။

၎င်းလမ်းကြောင်းမှာ အနောက်ပိုင်းရှိ နန်နင်းမြို့မှစတင်ကာ အရှေ့ဘက်ရှိ ကီလိုမီတာ (၈၅၀)ကွာဝေးသည့် ကွမ်တုန်းပြည်နယ်၏ မြို့တော် ကွမ်ကျိုးတွင် အဆုံးသတ်မည်ဖြစ်ပါသည်။ ၎င်းလမ်းပိုင်းကို အပိုင်း(၂)ပိုင်းခွဲ၍

တည်ဆောက်နေပြီး၊ ပထမအဆင့်တွင် ကီလိုမီတာ (၂၆၆.၅) ပါဝင်ပါသည်။ “ရွှေရောင်လှိုင်းလွှမ်းသည့် သင်္ဘောလမ်းကြောင်း”ဟု လူသိများသည့် ၎င်းရေကြောင်းလမ်းသည် ကွမ်တုန်း-ဟောင်ကောင်-မကာအို မဟာပင်လယ်အော်ဒေသနှင့် ကွမ်ရှီးကို ဆက်သွယ်ပေးသည့် အရေးပါသောလမ်းကြောင်းဖြစ်လာပြီး၊ ပုလဲမြစ်နှင့်ရှင်းကျန်းမြစ် စီးပွားရေးရပ်ဝန်းဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးရန် ရည်ရွယ်ပါသည်။

မကြာသေးမီနှစ်များအတွင်း ရှင်းကျန်းကုန်သေတ္တာတင် သင်္ဘောလိုင်းမှာ သင်္ဘောလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုတွင် အရှိန်အဟုန်ကြီးမားစွာ ရရှိလျက်ရှိပါသည်။ ၂၀၂၁ ခုနှစ်၊ ပထမ (၁၁)လအတွင်း ၎င်းသင်္ဘောလိုင်းမှ သင်္ဘောခေါက်ရေ (၃၄၃,၀၀၀) ကြောင်းကို ပြေးဆွဲပေးခဲ့ကာ ယခင်နှစ်ကထက် (၆.၂၁) ရာခိုင်နှုန်း ပိုမိုခဲ့ပါသည်။ ၎င်းသင်္ဘောများဖြင့် ကုန်စည်တန်ချိန်ပေါင်း (၃၂၃)သန်းကို သယ်ဆောင်ပေးခဲ့ပြီး ယခင်နှစ်ကထက် (၆.၂၅) ရာခိုင်နှုန်းတိုးတက်လာခဲ့ကြောင်း သတင်းရရှိပါသည်။

Source: en.gxzf.gov.cn (၄-၁-၂၀၂၂)

**ဒေါက်တာရွှေစင်ကို (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တရုတ်-နန်နင်း)**

## STOCK EXCHANGE (10.1.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 10th Jan. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,100 | -200 | -2.41% | 8,300 | 8,300 | 8,100 | 1,245 | 10,084,800 | 33,109,694 | 268,189 |
| MTSH | 00002 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,000 | 1,203 | 3,619,150 | 38,929,150 | 118,734 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 0 | 0 | 10,400,986 | 81,128 |
| FPB | 00004 | 19,500 | +0 | +0.00% | 19,500 | 19,500 | 19,500 | 0 | 0 | 2,472,053 | 48,205 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 50 | 130,000 | 12,823,224 | 33,340 |
| EFR | 00006 | 2,900 | -50 | -1.69% | 2,900 | 2,900 | 2,900 | 11 | 31,900 | 19,977,223 | 57,934 |
| AMATA | 00007 | 5,700 | +0 | +0.00% | 5,700 | 5,700 | 5,700 | 0 | 0 | 10,497,598 | 59,836 |


### Market summary

As of 10th Jan. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 383.63 | -4.38 | -1.13% | 388.01 | 388.01 | 383.63 | 2,509 | 13,865,850 | 7 | 667,366 |

**Index chart**



# Market Overview

## Main Board

As of 1:00 pm, 10th Jan. 2022

| MYANPIX | 383.63 ▼ 4.38 |
|---|---|
| Total Volume (shares) | 2,509 |
| Total Value (MMK) | 14 mil |
| Listed Company | 7 |
| Market Cap. (MMK) | 667,366 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,100 | ▼ 200 |
| MTSH | 00002 | 3,050 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 19,500 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,900 | ▼ 50 |
| AMATA | 00007 | 5,700 | ▲ 0 |

TIR